မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| | | | | |
|---|---|---|---|---|
| အမှတ် ၄၀] | ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်<br>(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်) | သောကြာနေ့ | [အတွဲ ၇၈ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

[ ယခင်အပတ်မှ အဆက် ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

**၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည် –

၁၂၀၃၁။ ဒေါ်သီတာအေး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ထားဝယ်မှိုင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၂။ ဒေါ်စိုးစိုးမိုး၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၃။ ဒေါ်အေးသီတာ၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၄။ ဒေါ်တင်တင်မူ၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၅။ ဒေါ်စမ်းစမ်းမော်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၆။ ဒေါ်ဝင်းဝင်းမော်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၇။ ဒေါ်သန်းသန်းမြင့်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အိမ်ယာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၈။ ဒေါ်စမ်းစမ်းမော်၊ အထက်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း–ကမာချိုင့်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၃၉။ ဒေါ်အေးအေးပြုံး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကမာချိုင့်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၀။ နော်သွဲ့ဖော၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သာယာဝဲ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၁။ ဒေါ်ခင်စန္ဒာအေး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း-ကညင်ကုန်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၂။ နော်ခူးပွဲ၊ အလယ်တန်းကျောင်းအုပ်၊ အခြေခံပညာအလယ်တန်းကျောင်း-ရွာသစ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၃။ ဦးညွန့်ဝင်း၊ အစောင့်၊ အခြေခံပညာအလယ်တန်းကျောင်း-ရွာသစ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၄။ ဒေါ်စန္ဒာ၊ အလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း-အရှေ့ဆင်ကူး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၅။ ဒေါ်သီသီဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ဘုံလုံချောင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၆။ ဦးသန်းနိုင်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ဘုံလုံချောင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၇။ ဦးမျိုးလွင်ဦး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ပလီခြံ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၈။ ဦးသာအိ၊ မူလတန်းကျောင်းအုပ်၊ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၄၉။ ဦးဝင်းထွန်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ဆန်လှည့်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၀။ ဒေါ်လှထွေးရီ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ရွှေလှေရိုး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၁။ ဒေါ်စန်းစန်းငွေ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ငပိချောင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၂။ ဒေါ်နုနုတင်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-တပေတမော့၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၃။ ဒေါ်မြင့်မြင့်ခိုင်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-လှည်းဆိပ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၄။ ဦးတိုးရွှေ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကွင်းချောင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၅။ ဦးကျောက်ဒိုး၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ကွက်လိပ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၆။ ဒေါ်ကြည်ကြည်မြင့်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကွန်ပလိုင်းရွာသစ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၇။ ဦးသန့်ဇင်ဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ကွန်ပလိုင်းရွာသစ်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၈။ ဒေါ်ရင်ရင်ငွေ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-သရက်ငူ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၅၉။ ဦးမြင့်စိန်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-သရက်ငူ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၀။ ဦးမောင်မောင်ညွန့်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ရွှေလှေရိုး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၁။ ဒေါ်တင်ဝေ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကျုံခရမ်းကြံခင်းစု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၂။ ဦးမြလွင်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ကျုံခရမ်းကြံခင်းစု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၃။ ဒေါ်နွဲ့နွဲ့ဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ပဲခူးစု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၄။ ဒေါ်ဝင်းဝင်းလှိုင်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-မင်းဇံစု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၅။ ဒေါ်စန်းသီတာ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ရွာသာကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၆။ ဦးနေဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ဘုရားကြီးကွင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၇။ ဒေါ်ခင်မျိုးဆွေ၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ဘုရားကြီးကွင်း၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၈။ ဒေါ်တင်မိုးမင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကျောက်တိုင်စု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၆၉။ ဒေါ်အေးအေးမော်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-မြန်မာကရင်စု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၀။ ဒေါ်တိုးတိုးလှိုင်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ဘုရားကြီးကုန်း(၂)၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၁။ ဦးစန်းနိုင်၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း-ကျောက်ထရံကြီး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၂။ ဒေါ်ခင်မိုးကြည်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ကွဲကူးခရားရိုး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၃။ ဒေါ်မြင့်မြင့်သန်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ကွဲကူးခရားရိုး၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၄။ ဒေါ်သန်းသန်းမြင့်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကျုံဒါး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၅။ ဒေါ်ခင်သန်းငွေ၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကျုံဒါး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၆။ ဒေါ်ကေသီချို၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကျုံဒါး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၇။ ဒေါ်ခင်မာချို၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကျုံဒါး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၈။ ဒေါ်စမ်းလေးမော်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ကျုံဒါး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၇၉။ ဒေါ်အေးအေးလွင်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ရေကြီး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၀၈၀။ ဒေါ်နုနုမော်၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ရေကြီး၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၃၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်း ပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုအခက်အခဲများ မရှိစေရေးအတွက် **ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ငွေကြေး)<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဈ) ဒုတိယရဲချုပ်　အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(တ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ထ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဒ) ကိုယ်စားလှယ် (၁) ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့်
စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဓ) ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ　အတွင်းရေးမှူး

(န) ညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်သွယ်မှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးအတွက် ဗဟိုကော်မတီက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းကော်မတီအတွင်း၌ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီအတွင်း အဆုံးအဖြတ်မပြုနိုင်သည့် ကိစ္စရပ်များကို ဗဟိုကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(ဃ) လုပ်ငန်းကော်မတီ၏ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုခံယူခြင်း၊

(င) ထူးခြားဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဗဟိုကော်မတီသို့ တင်ပြခြင်း။

(စ) လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ်သည်-

(၁) **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။** ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများကို ထိန်းကျောင်းကြပ်မတ်နိုင်ရေးနှင့် ကုမ္ပဏီများနှင့် သက်ဆိုင်သည့် အချက်အလက်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) **အကောက်ခွန်ဦးစီးဌာန**

(ကက) အကောက်ခွန်ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ လျှင်မြန်ချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပို့ကုန်/ သွင်းကုန်ဆိုင်ရာ အကောက်ခွန်များ အပြည့်အဝရရှိရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်စေသည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊

(ငင) ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေနိုင်သည့် အခြေအနေအကြောင်းအခြင်းအရာများ ဖြစ်ပေါ်လာပါက ကော်မတီဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စစ) ဖြစ်ပေါ်လာနိုင်သော ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာနိုင်သည့် အလားအလာကိစ္စရပ်များရှိပါက လုပ်ငန်းကော်မတီတာဝန်ရှိသူများထံ ကြိုတင်တင်ပြခြင်းနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကြိုတင်စီမံဆောင်ရွက်ထားရှိခြင်း။

(၃) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(ကက) အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပြည်ပကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) ရေကြောင်းပြစနစ်များ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပြည်ပပို့ကုန်/သွင်းကုန်အဝင်အထွက် သင်္ဘောများ၏ ဝင်ရောက်/ထွက်ခွာမှုနှင့် ဆိုက်ကပ်သည့် ဆိပ်ကမ်းစာရင်းများ ပြုစုတင်ပြခြင်း၊

(ဃဃ) ပို့ကုန်/သွင်းကုန် ကုန်စည်စာရင်းများကို သင်္ဘောအမည်နှင့် ယှဉ်တွဲပြုစုတင်ပြခြင်း၊

(ငင) ကုန်တင်ကုန်ချလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် လျှင်မြန်ချောမွေ့စေရေး စနစ်တကျ စီမံခန့်ခွဲခြင်း၊

(စစ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်းမူဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးခြင်း၊

(ဆဆ) ကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော ယန္တရားများနှင့် လုပ်သားများလုံလောက်စွာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(၄) **စိုက်ပျိုးရေးဦးစီးဌာန**

(ကက) ပြည်ပသို့တင်ပို့မည့် လယ်ယာထွက်ကုန်ပစ္စည်းများ အပင်ပိုးမွှားဆိုင်ရာ ထောက်ခံချက်ပေးခြင်းလုပ်ငန်းကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) အပင်ပိုးမွှားဆိုင်ရာ ပို့ကုန်ထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ လျှင်မြန်ချောမွေ့စေရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂဂ) ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ တင်သွင်းခွင့်ဆိုင်ရာထောက်ခံချက်များ နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း။

(၅) **ငါးလုပ်ငန်းဦးစီးဌာန။** ပြည်ပသို့တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ တင်ပို့ခွင့်ဆိုင်ရာ ပို့ကုန်ထောက်ခံချက်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး လျှင်မြန်ချောမွေ့စေရေးအတွက် ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရပါမည်။

(၆) **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**။ ပြည်ပသို့တင်ပို့မည့် မွေးမြူရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီရေး ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိစေရေးအတွက်လည်းကောင်း၊ တင်ပို့ခွင့်ဆိုင်ရာ ထောက်ခံချက်များနှင့်ပတ်သက်၍လည်းကောင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင် များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရပါမည်။

(၇) **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**။ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသော လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနဆိုင်ရာ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခြင်း၊

(၈) **အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

(ကက) အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခခ ) ဆိပ်ကမ်းကုန်တင်ကုန်ချဆိုင်ရာ လုပ်သားများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(၉) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(ကက) ကုန်သွယ်မှုလုပ်ငန်းများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ငွေကြေးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ခြင်း၊

( ခခ ) နိုင်ငံခြားငွေလဲနှုန်းများ တည်ငြိမ်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

( ဂဂ ) ဘဏ်များ၏ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်သွယ်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် ငွေကြေးစီးဆင်းမှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ မှန်ကန်မြန်ဆန်ချောမွေ့စေရေးကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၀) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**

(ကက) ကုန်စည်စီးဆင်မှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အတွက် လိုအပ်သော လုံခြုံရေးအကာအကွယ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

( ခခ ) တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ တားဆီးထိန်းချုပ် ဆောင်ရွက်ခြင်း၊

( ဂဂ ) လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအကာအကွယ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၁) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များအား ကော်မတီဝင် များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၂) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(ကက) ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအတွင်း လိုအပ်သောဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခခ ) တရားမဝင်ကုန်သွယ်မှု ကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဂဂ ) သက်ဆိုင်ရာနယ်မြေများအတွင်း ငွေကြေးဈေးကွက် တရားမဝင်ဖြစ်ပေါ်မှုမရှိစေရေး နှင့် ငွေကြေးလဲလှယ်မှုဆိုင်ရာ ဈေးကစားမှုများမဖြစ်ပေါ်စေရေး နယ်မြေသတင်း စုံလင်စွာ ရယူပြီး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၃) **ပြည်တွင်းအခွန်များဦးစီးဌာန**။ သတ်မှတ်ထားသည့် နိုင်ငံတော်အခွန်ဘဏ္ဍာများ အပြည့်အဝ ရရှိစေရေး တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(၁၄) **ဥပဒေရေးရာဝန်ကြီးဌာန**။ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ အကြံဉာဏ်များပေးခြင်း၊

(၁၅) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ သင့်တော်ကောင်းမွန်သော လုပ်ငန်းအစီအစဉ်များကို ကော်မတီသို့ အကြံပြုခြင်း၊

(၁၆) **ကုန်သွယ်ရေးဦးစီးဌာန**

(ကက) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

( ခ ခ ) ပို့ကုန်/သွင်းကုန်ဆိုင်ရာ လိုင်စင်များ ထုတ်ပေးခြင်း၊

( ဂ ဂ ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃဃ) တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ခြင်း၊

( င င ) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များအား တစ်ဦးလျှင် လစာငွေအဖြစ် ကျပ် (၅) သိန်းနှင့် မော်တော်ယာဉ်တစ်စီး (စက်သုံးဆီအပါအဝင်) တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်အမှတ် (၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

### ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ပြည်တွင်း ပြည်ပကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများမရှိစေရေးနှင့် ပြည်တွင်း ရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိစေအောင် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် **ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ် — ဥက္ကဋ္ဌ

( ခ ) အတွင်းရေးမှူး
ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ — ဒုတိယဥက္ကဋ္ဌ (၁)

(ဂ) ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ (၂)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) အတွင်းရေးမှူး　　အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(င) အတွင်းရေးမှူး　　အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(စ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(တ) တပ်ဖွဲ့မှူး　　အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဒ ) ရဲမှူးကြီး အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ဓ ) တွဲဖက်အတွင်းရေးမှူး အတွင်းရေးမှူး
ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ

( န ) ဦးဆောင်ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး (၁)
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ပ ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇/၂၀၂၂ နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၂၊ ၄၃/၂၀၂၂ နှင့် ၄၆/၂၀၂၂ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ညွှန်ကြားချက်များအပေါ် လိုက်နာမှု ရှိ မရှိ စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ဆောင်ရွက်ရန်၊

( ခ ) ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် ရောင်း/ဝယ်မှုများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် အရောင်းအဝယ်စာရင်းများကို လိုအပ်သလို စစ်ဆေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော ငွေပေးချေမှုစည်းမျဉ်းများကို လိုက်နာမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ပြည်တွင်း ရွှေဈေးကွက်တည်ငြိမ်မှုကို ပျက်ပြားစေသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုပြုသူများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်ဖော်ထုတ်စေ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

( ဂ ) နိုင်ငံခြားငွေကိုင်ဆောင် ရောင်း/ဝယ်ခွင့်ရရှိသော နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်နှင့် ငွေလဲကောင်တာ (Money Changer) များ၏ နိုင်ငံခြားသုံးငွေ အဝင်/ အထွက်စာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊စည်းမျဉ်းစည်းကမ်း၊အမိန့်ကြော်ငြာစာများ၊ညွှန်ကြားချက်များနှင့်အညီ စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်ပစ္စည်းတင်ပို့/တင်သွင်းခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ၊ လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို လိုအပ်သလို စစ်ဆေးခြင်းနှင့် လိုက်နာမှုမရှိသူများကို အရေးယူခြင်းများ ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ် ပြုလုပ်ခြင်း၊ ဈေးကစား ခြင်းပြုလုပ်သူများကို သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဖော်ထုတ်စေပြီး အရေးယူရန်၊

( င ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၂ ပါ ကျပ်သိန်း ၂၀၀ ထက် ပိုမိုသည့် ငွေပေးချေမှုများတွင် ဘဏ်စနစ်အသုံးပြု၍ ဆောင်ရွက်မှု ရှိ မရှိ သက်ဆိုင်ရာဌာနများမှ စိစစ်စေပြီး လိုက်နာမှုမရှိသူများကို အရေးယူဆောင်ရွက်ရန်၊

( စ ) အိမ်၊ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့သော အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် သက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှု ရှိ မရှိ စိစစ်စေ၍ လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်ရန်၊

(ဆ) ဘဏ်များတွင် အပ်နှံထားသည့်ငွေများကို ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင်ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများကဘဏ်အကောင့်ဖြင့် အပ်နှံထားသည့်ငွေများကို ငွေသားဖြင့် လဲလှယ်ထုတ်ယူလိုသူများအား ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးဖော်ထုတ်စေ၍ ပါဝင်ပတ်သက်သူများအား အရေးယူဆောင်ရွက်ရန်၊

(ဇ) ပြည်တွင်းရွှေဈေးကွက်နှင့် နိုင်ငံခြားသုံးငွေဈေးကွက်ကို ကြပ်မတ်ထိန်းကျောင်းမှုပြုရာတွင် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာစေခြင်း (Law Enforcement)၊ ဌာနဆိုင်ရာများ၏ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေခြင်းအလို့ငှာ လိုအပ်သောဆပ်ကော်မတီများ၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်သွားရန်၊

(ဈ) ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို နေ့စဉ်ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီသို့တင်ပြရန်၊

(ည) ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ လစဉ်အစီရင်ခံစာအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြရန်၊

(ဋ) အဆိုပါရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ ရုံးအဖွဲ့ အတွက် အုပ်ချုပ်မှုနှင့် လိုအပ်သော ကုန်ကျစရိတ်အဝဝကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရန်ပုံငွေမှ ကျခံသုံးစွဲရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

### စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၁။　စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဉ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ကိုယ်စားလှယ်အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ထ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဒ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
အလုပ်သမားဝန်ကြီးဌာန

၂။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများသည် ရန်သူကြောင့် မသန်မစွမ်းဖြစ်မှု EA1၊ EA2 နှင့် NEA များကို အမြဲတမ်းစစ်မှုထမ်းများနည်းတူ စစ်ရေးချုပ်ရုံးကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးအစီအစဉ်ဖြင့် အမြဲတမ်းစစ်မှုထမ်း EA များနည်းတူ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ခ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများ နုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှု ခံယူ လို မလို ဆန္ဒအလျောက် လျှောက်ထားတင်ပြစေပြီး ပြန်လည်နေရာချထားမှု ခံယူလိုသူများအား ၎င်းတို့ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် နိုင်ငံတော်နှင့် တပ်မတော်မှ အသက်မွေးသင်တန်းများပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဂ) ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား အဆင့်မီစွာ သင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဃ) ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား တက်ရောက်အောင်မြင်ခဲ့သည့် အသက်မွေးသင်တန်းကျောင်းမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရန်၊

( င ) အသက်မွေးသင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များအား အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်း၊ ဌာနများမှ အသိအမှတ်ပြု၍ အလုပ်နေရာခန့်ထားပေးရေး ဆောင်ရွက်ပေးရန်၊

( စ ) အမြဲတမ်းစစ်မှုထမ်းများအတွက် တပ်မတော်ထွက်ခွင့်လက်မှတ် (တပ်မတော်ပုံစံ ရေး-၈၈) နှင့် ပြည်သူ့စစ်မှုထမ်းများအတွက် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ (၁၂) ကိုင်ဆောင်ထားသူများ ပြန်လည်နေရာချထားမှုခံယူလိုပါက သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများက ဦးစားပေးအလုပ်အကိုင် ခန့်ထားပေးနိုင်ရေး (ပြည်တွင်း ပြည်ပအလုပ်အကိုင်များ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးရန်၊

(ဆ) ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ် (Labour Card)၊ ပြည်ပအလုပ်သမားကတ် (OWIC – Overseas Worker Identification Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဇ ) တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ပြည်သူ့စစ်မှုမထမ်းမီ တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ ဝန်ထမ်းများဖြစ်ပါက စစ်မှုမထမ်းမီကာလက ထမ်းဆောင်ခဲ့သောအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရန်။

၃။ ကော်မတီသည် လိုအပ်ပါက ကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ဝန်ကြီးဌာနများအား အစည်းအဝေးဖိတ်ကြားနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန်အတွက် **အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

( င ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( စ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) တွဲဖက်စစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

( ဇ ) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဋ ) တွဲဖက်စစ်ရေးချုပ် အတွင်းရေးမှူး
စစ်ရေးချုပ်ရုံး

( ဌ ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး

၂။ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တပ်မတော်စစ်သားစုဆောင်းရေးတပ်များ၊ တပ်ဌာနချုပ်များ၊ လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့များအနေဖြင့် တပ်သားသစ်များ စုဆောင်းရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အမိန့်/ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်စိစစ်ရန်၊

( ခ ) သတ်မှတ်ညွှန်ကြားချက်နှင့်အညီ စုဆောင်းရရှိသော တပ်သားသစ်များကို စစ်အခြေခံလေ့ကျင့်ရေးတပ်များ၏ သင်တန်းရွေးချယ်စိစစ်ရေးဘုတ်အဖွဲ့မှ လာရောက်ရွေးချယ်မှုကို ကြပ်မတ်ရန်၊

( ဂ ) မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် စစ်မှုထမ်းရန် လာရောက်စာရင်းသွင်းသော လူငယ်များထဲမှ သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသူများကို လက်ခံစာရင်းသွင်းခြင်း မပြုရန်၊

(ဃ) စနစ်တကျ ရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့်သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင်လည်းကောင်း အသက် ၁၈ နှစ် မပြည့်သူများ၊ ဆန္ဒမရှိသူများကို စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်ရန်၊

( င ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်၊

( စ ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီ၏ လုပ်ဆောင်နေမှုများအား Media တွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ကုလသမဂ္ဂအဖွဲ့အစည်းများမှ သတ်မှတ်ထားသော ကလေးသူငယ်များနှင့်သက်ဆိုင်သည့် စံချိန်စံညွှန်းများအား တပ်မတော်စစ်သား စုဆောင်းရေးတပ်နှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များရှိ တာဝန်ရှိသူများမှ

သိရှိလိုက်နာနိုင်ရေးအတွက် အခါအားလျော်စွာ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဇ) တပ်မတော်အတွင်း သတ်မှတ်ချက်နှင့် မကိုက်ညီသော စစ်မှုထမ်းများမရှိအောင် ဆောင်ရွက်သွားရန်၊

(ဈ) အတင်းအကျပ်ခေါ်ယူစစ်မှုထမ်းဆောင်စေခြင်းမျိုးပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရန်၊

(ည) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အရွယ်မရောက်သေးသည်ကို သိလျက်နှင့် တပ်သားသစ် အဖြစ်လက်ခံခြင်းကိစ္စပေါ်ပေါက်ပါက ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်၊

(ဋ) ကော်မတီ၏ ဆောင်ရွက်ချက်များကို အမြဲမပြတ် မှတ်တမ်းတင်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ပြီး Policy Development ဖြစ်ရေးဆောင်ရွက်ရန်၊

(ဌ) ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေခြင်းတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လုပ်ဆောင်ချက်များတွင် ချို့ယွင်းအားနည်းချက်များရှိလာပါက သက်ဆိုင်ရာသို့အသိပေးပြီး အချိန်မီ ပြုပြင်သွားစေရန်။

၃။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများပေါ်ပေါက်ပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

## မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ်ကျရောက်သူများ အား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာ ပေါင်းစပ် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အမျိုးသားရှာဖွေကယ်ဆယ်ရေးအစီအမံ များကို စနစ်တကျချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေး ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဃ) စစ်ဦးစီးအရာရှိချုပ် (ရေ) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

( င ) စစ်ဦးစီးအရာရှိချုပ် (လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) — အဖွဲ့ဝင်

( စ ) အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

( ဇ ) အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

( ဋ ) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

( ဌ ) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

( ဍ ) ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

( ဎ ) ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန — အဖွဲ့ဝင်

(တ) အရာရှိကြီး (၁) ဦး ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် — အဖွဲ့ဝင်

(ထ) ဥက္ကဋ္ဌ မြန်မာနိုင်ငံကြက်ခြေနီအသင်း — အဖွဲ့ဝင်

( ဒ ) ဥက္ကဋ္ဌ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) — အဖွဲ့ဝင်

( ဓ ) ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန — အတွင်းရေးမှူး

( န ) ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်အား နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ပြန်လည်ရေးဆွဲနိုင်ရေး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ မူဝါဒတောင်းခံ၍ ဆက်လက် ဆောင်ရွက်ခြင်း၊

( ခ ) သဘာဝဘေး (ရေ၊ လေ၊ ဆူနာမီ၊ မီးဘေး၊ ငလျင်) အလိုက် ဖြစ်နိုင်ဖွယ်ရှိသောဒေသနှင့် လူဦးရေ များအားလေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်

ထားခြင်း၊ ထိုဒေသရှိ မြေပြင်အနေအထားပေါ်မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ ရုတ်ခြည်းလိုအပ်နိုင်သော သက်ကယ်ပစ္စည်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်သောယာဉ်နှင့် ယန္တရားများ၊ စက်သုံးဆီများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သော ရိက္ခာပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရန်သင့်စုစည်းပြင်ဆင်ထားခြင်း၊

(ဂ) ငလျင်ဘေး၊ မီးဘေးများတွင် ပိတ်မိနေသောဒုက္ခသည်များအား ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ခြင်း၊

(ဃ) အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အစိုးရဌာနများအချင်းချင်း၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ခံစားနေရသူများ၊ အသက်ဘေးမှလွတ်မြောက်စေရန်နှင့် အသက်ရှင်ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေး စုဖွဲ့စီမံခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် လုပ်ရှားလေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း၊

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေးလုပ်ငန်းကော်မတီအဖွဲ့သို့ အချိန်မီလွှဲပြောင်းပေးခြင်း၊

(ဆ) ပြည်ပမှ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချမှတ်ပေးခြင်း၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသောဒေသများတွင် သဘာဝဘေးများ ကျရောက်မှုနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်း၊

(ဈ) အခင်းဖြစ်ပွားရာနေရာရှိ ရှာဖွေရေးခေါင်းဆောင်သည် အထက်တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆက်အသွယ်မပြတ်စေရေး ညွှန်ကြားဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## **အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

### **နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်/ထွက် သွားလာလျက်ရှိသော နိုင်ငံခြားသားများနှင့် ပတ်သက်၍ နိုင်ငံတော်၏ လုံခြုံရေးကို ထိပါးမှုမရှိစေရေး၊ တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးနှင့် စိစစ်ကြီးကြပ်နိုင်ရေးအတွက် **နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( င ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

( စ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

( ဇ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( ဋ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

( ဌ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဍ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဎ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ဒုတိယရဲချုပ် (၂) အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ဒ ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
(ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ)

( ဓ ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( န ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး (၂)
သတင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာမူဝါဒများကို လုပ်ငန်းကော်မတီများသို့ ညွှန်ကြားခြင်း၊

(ဃ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆောင်ရွက်မှုများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသို့တင်ပြခြင်း၊

(င) ခေတ်ကာလနှင့်ကိုက်ညီသော နိုင်ငံခြားသားများနှင့်ပတ်သက်သည့် ဥပဒေနှင့် ညွှန်ကြားချက်များကို ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြခြင်း၊

(စ) လုပ်ငန်းကော်မတီများ၏ ဖြစ်ပေါ်တိုးတက်မှုများကိုသိရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးအား ကာလသတ်မှတ်ခေါ်ယူခြင်း၊

(ဆ) နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံရမည့် လုပ်ငန်းများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ I 24/7 Channel မှရရှိသော သတင်းအချက်အလက်များအား အပြန်အလှန်ရယူအသုံးပြုခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

## လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် **လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) အမြဲတမ်းအတွင်းဝန်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယရဲချုပ် (၂) — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဒုတိယစစ်ရေးချုပ် — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ဇ) ဗိုလ်မှူးချုပ် သန့်ဇော် — အတွင်းရေးမှူး
တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

၂။ လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် ချမှတ်သင့်သောမူဝါဒများအား သုံးသပ်အကြံပြုတင်ပြရန်၊

(ခ) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား/ နိုင်ငံခြားသား၊ အကျဉ်းသား/ သူများအား စိစစ်တင်ပြရန်၊

(ဂ) မည်သည့် အဖွဲ့အစည်း၊ မည်သည့် လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့်မဟုတ်ဘဲ စစ်မှန်သော ရည်ရွယ်ချက်များနှင့်အညီ လွတ်ပေးသင့် လွတ်ပေးထိုက်သူများကိုသာ စိစစ်တင်ပြရန်၊

(ဃ) စိစစ်ရေးလုပ်ငန်းများအား သင့်လျော်သည့်အချိန်တွင် ကြိုတင်ဆောင်ရွက်ပြီး စာရင်းပြုစုတင်ပြရန်၊

(င) နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးမည့်နေ့ရက်အထိ အကျုံးဝင်သည့် အကျဉ်းသား/သူ စာရင်းကို ၁၄ ရက် ကြိုတင်ပြုစု၍တင်ပြရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

### အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေး ကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများကို ဥပဒေကြောင်းအရ တားမြစ်နိုင်ရေး၊ ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက် **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရတားမြစ်အရေးယူ ဆောင်ရွက်နိုင်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဌာနကြီးမှူး — အဖွဲ့ဝင်
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒုတိယရဲချုပ် (၂) — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) မှုခင်းရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး (၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်း စသည့်ဆောင်ရွက်မှုဖြစ်စဉ်များကို နည်းပညာကျွမ်းကျင်သည့် ပညာရှင်များပါဝင်သောအဖွဲ့ဖွဲ့စည်းပြီး ၂၄ နာရီ စောင့်ကြည့်ရန်၊

(ခ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများကို ပို့စ်တင်ခြင်း၊ ထုတ်လွှင့်ခြင်း၊ မျှဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်းများ ဆောင်ရွက်နေမှုအပေါ် နည်းပညာအရရှာဖွေဖော်ထုတ်ပြီး တားမြစ်ရန်၊ ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူနိုင်ရေး ဆောင်ရွက်သွားရန်၊

(ဂ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားဖော်ပြနေမှုများအတွက် အဖွဲ့ဖွဲ့စည်းပြီး တန်ပြန်ဆောင်ရွက်ရန်၊

(ဃ) ကျူးလွန်သူများအသုံးပြုလျက်ရှိသော တယ်လီဖုန်းနံပါတ်များ ပိတ်သိမ်းနိုင်ရေး၊ ငွေရေးကြေးရေးကိစ္စရပ်များအတွက် ၎င်းတို့အသုံးပြုလျက်ရှိသော ဘဏ်အကောင့်များ၏ အချက်အလက်များ၊ ငွေသွင်း၊ ငွေထုတ်မှတ်တမ်းများရယူခြင်းနှင့် ဘဏ်အကောင့်များ ယာယီတားဆီးခြင်းပြုလုပ်နိုင်ရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(င) ကျူးလွန်မှုများအပေါ် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများက တားမြစ်ပေးနိုင်ရေးအတွက် ကန့်ကွက်စာ၊ အကြောင်းကြားစာများ ပေးပို့ဆောင်ရွက်ရန်၊

(စ) ကျူးလွန်သူများကို သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူနိုင်ရေး အကြောင်းကြားရန်၊

(ဆ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက် ပြောဆိုခြင်းများဆောင်ရွက်လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ကြောင်း ပြည်သူလူထု သိရှိစေရေး အသိပညာပေးခြင်းလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(ဇ) ကော်မတီအနေဖြင့် လိုအပ်သည့် အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ဆောင်ရွက် သွားရန်၊

(ဈ) ကော်မတီအနေဖြင့် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက် ပေါ်ထွန်းရေးနှင့် ချီးမြှင့်ထိုက်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားရွေးချယ်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရန် **နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးစိစစ်ရွေးချယ်ရေး ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) ကောင်စီဝင် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(န) ဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ပ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဖ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၃)

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
စီးပွားရေးရာဌာနကြီး
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

၂။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေအရ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) Jeng Phang နော်တောင် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ် ကိုလေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(ဂ) ဗိုလ်ချုပ် အောင်ကျော်ကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒေါ်သန်းသန်းလင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(င) ဦးရဲတင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ဦးနေမျိုးလှိုင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာ အောင်ဇေယျ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဇ) ဒေါက်တာ အေးထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ဦးထိန်လင်း — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(ခ) မြန်မာ့အားကစား ကမ္ဘာ့အဆင့်အတန်းမီစေရေးအတွက် ကျန်းမာသန်စွမ်းစေရန် အားကစားနှင့် ကာယပညာဆိုင်ရာ စီမံကိန်းနှင့် စီမံချက်များ ချမှတ်ပေးခြင်း၊

(ဂ) တစ်မျိုးသားလုံး ကိုယ်လက်ကြံ့ခိုင်ရေးနှင့် လူထုအားကစားလှုပ်ရှားမှုများကို ကျင်းပခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) အားကစားအဆင့်အတန်းအား နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားလာစေရန် **အားကစားဆေးပညာလုပ်ငန်း** နှင့် **အားကစားသုတေသနလုပ်ငန်းများ** နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(င) ပြည်တွင်း ပြည်ပအားကစားပြိုင်ပွဲများကို အဆင့်မီစွာနှင့် တရားမျှတသန့်ရှင်းသောပွဲစဉ်များဖြစ်မြောက်အောင် ကျင်းပပြုလုပ်နိုင်ရေးနှင့် ပြည်ပပြိုင်ပွဲများယှဉ်ပြိုင်မှုများတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုရရှိစေရေးအတွက် ပြိုင်ပွဲကြီးကြပ်ရေး တာဝန်ပေးစေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(စ) အားကစားသိပ္ပံ၊ အားကစားတက္ကသိုလ်များဖွင့်လှစ်ခြင်း၊ အားကစားအမျိုးအစားအလိုက် သင်တန်းများ ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) အားကစားအရည်အသွေးမြင့်မားလာစေရန် နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) ပြည်ပတွင်ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် အားကစားသမားများ၊ အားကစားအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ရေးအတွက် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ရွေးချယ်စေလွှတ်ခြင်း၊

(ဈ) ပြည်ပတွင်ကျင်းပသည့် အားကစားဆိုင်ရာသင်တန်းများ၊ ဆွေးနွေးပွဲများသို့တက်ရောက်ရန် သင့်လျော်သည့်ပုဂ္ဂိုလ်များအား သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ရွေးချယ်စေလွှတ်ခြင်း၊

(ည) အားကစားဆိုင်ရာလေ့လာရေးနှင့် ချစ်ကြည်ရေးအဖွဲ့များကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပြည်ပသို့ စေလွှတ်ခြင်း၊

(ဋ) ပြည်ပအားကစားအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ အားကစားပညာရှင်များ၊ အားကစားအသင်းအဖွဲ့များ၊ အကူအညီပေးသူများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖိတ်ကြားခြင်း၊

(ဌ) နိုင်ငံခြားနည်းပြများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖိတ်ကြားခြင်း၊ ငှားရမ်းခြင်း၊

(ဍ) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အလှူငွေများ၊ ထောက်ပံ့ငွေများ လက်ခံခြင်း၊

(ဎ) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အားကစားအဆောက်အဦ၊ အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လွှဲပြောင်းရယူအသုံးပြုခြင်း၊ ငှားရမ်းအသုံးပြုခြင်း၊

(ဏ) ပြည်တွင်း ပြည်ပမှ အားကစားပစ္စည်းများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(တ) အားကစားနှင့်စပ်လျဉ်း၍ ရရှိသည့်ဝင်ငွေများ၊ အလှူငွေများအပေါ် ဝင်ငွေခွန်၊ အမြတ်ခွန် စည်းကြပ်ခြင်းမှ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ရရှိရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**အင်အားပြင်းမဏ္ဍလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမဏ္ဍလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသစသည့် နယ်မြေဒေသများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် နေအိမ်နှင့် လုပ်ငန်းသုံးစက်ရုံ၊ အလုပ်ရုံများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်မှထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များပံ့ပိုးပေးနိုင်ရန် **အင်အားပြင်းမဏ္ဍလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အတွင်းရေးမှူး<br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ | အဖွဲ့ဝင် |
| ( ဈ ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |

၂။ အင်အားပြင်းမဏ္ဍလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရန်ပုံငွေအား ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် စိစစ်ထုတ်ချေးပေးနိုင်ရန် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ခ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ချေးကွက်တည်ငြိမ်ရေးရန်ပုံငွေတို့မှ ထည့်ဝင်ငွေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှတစ်ဆင့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ချေးငွေမူဝါဒနှင့်အညီ ထုတ်ချေးနိုင်မည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ (SOP) ချမှတ်ခြင်း၊

(ဂ) ပြန်လည်ထူထောင်ရေးချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဃ) ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသော ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား စိစစ်ရွေးချယ်ပေးခြင်း၊

(င) ရန်ပုံငွေသုံးစွဲမှု၊ လက်ကျန်ပမာဏအခြေအနေ၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ချေးငွေထုတ်ချေးမှု၊ အရင်းနှင့်အတိုး ပြန်လည်ကောက်ခံရရှိမှုအခြေအနေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ မူဝါဒနှင့်ကိုက်ညီမှု ရှိ မရှိ သုံးသပ်တင်ပြချက်များအပေါ် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးနှင့် စီးပွားရေးရာကော်မတီသို့ ခြောက်လတစ်ကြိမ်တင်ပြခြင်း၊

(စ) ဤချေးငွေအစီအစဉ်အရ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဘဏ်များ/ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ် (Agreement) ပုံစံကို အတည်ပြုပေးခြင်း၊

(ဆ) ရန်ပုံငွေသုံးစွဲမှုတွင် ပွင့်လင်းမြင်သာမှုရှိစေရန် (Transparency)၊ တာဝန်ယူမှုရှိစေရန် (Accountability) နှင့် ထိရောက်မှုရှိစေရန် (Effectiveness)၊ ထုတ်ချေးခဲ့သည့် ချေးငွေပြန်လည်ပေးဆပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ တင်ပြလာသည့် အစီရင်ခံစာကို စိစစ်သုံးသပ်ခြင်း၊

(ဇ) ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးအား တစ်လလျှင်တစ်ကြိမ် လိုအပ်ပါက အခါအားလျော်စွာ ကျင်းပပြုလုပ်ခြင်း၊

(ည) ရန်ပုံငွေစာရင်းများသို့ ပြန်လည်လွှဲပြောင်းထည့်သွင်းပေးနိုင်ရန် လိုအပ်သလို စီမံခန့်ခွဲခြင်း။

၃။ အင်အားပြင်းမဏ္ဍလေးလျောင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်း အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်း စည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည် ကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားဉာဏ်ရည်တုနည်းပညာအခြေပြုစီမံကိန်းများရေးဆွဲပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများအား ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဒ) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဓ) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ပ) ပါမောက္ခချုပ် — အဖွဲ့ဝင်
Naypyitaw State Polytechnic University (NSPU)

(ဖ) ပါမောက္ခချုပ် — အဖွဲ့ဝင်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

(ဗ) ပါမောက္ခချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

(ဘ) ပါမောက္ခချုပ် — အဖွဲ့ဝင်
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်

(မ) စီမံကိန်းဒါရိုက်တာ — အတွင်းရေးမှူး
အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ

၂။ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) AI ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ AI နှင့်ပတ်သက်သော စံချိန်စံညွှန်းများ၊ ကျင့်ဝတ်များ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေးအတွက် အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ခ ) ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံတော်အတွက် အကောင်အထည်ဖော်ရန် လိုအပ်မည့် AI စီမံကိန်းများကို အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပူးပေါင်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် တစ်စုတစ်စည်းတည်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းအလိုက် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်လမ်းညွှန်ကြီးကြပ်ရန်၊

( ဂ ) ဝန်ကြီးဌာနအသီးသီးမှ AI နည်းပညာအသုံးပြုမှုများ တစ်ပြေးညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) AI နည်းပညာ၏ အခြေခံလိုအပ်ချက်ဖြစ်သော Digitization, Digitalization, Digital Transformation, Socio–Digital Transformation လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး လမ်းညွှန်ကြီးကြပ်ရန်၊

( င ) AI နည်းပညာအတွက် လိုအပ်မည့်အချက်အလက်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအသီးသီးရှိ အမျိုးသား အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးအတွက် အရေးပါသော အချက်အလက်များကို ပြည်ပရှိ Data Center များ၊ ဝန်ကြီးဌာနအသီးသီးရှိ Data Center များတွင် ထားရှိခြင်းမပြုဘဲ နိုင်ငံတော်အဆင့် AI Data Centre တည်ဆောက်ပြီး ထိုမှတစ်ဆင့် AI Governance သို့ တက်လှမ်းနိုင်ရေး ဦးစီးကော်မတီကကြီးကြပ်၍ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Data Focal၊ Data Management နှင့် Data Security အတွက် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( စ ) AI နည်းပညာဖြင့် Applications များဖန်တီးခြင်း၊ အများပြည်သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက် လုံခြုံရေးဝန်ဆောင်မှုပေးခြင်းနှင့် ဉာဏ်ရည်တုနည်းပညာဝန်ဆောင်မှုပေးခြင်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ မူပိုင်ခွင့်များနှင့်အညီဆောင်ရွက်ရန်နှင့် ၎င်းတို့အားချိုးဖောက်၍ တီထွင်ဖန်တီးမှုများ မပြုလုပ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဆ) AI နည်းပညာအတွက် ပညာရှင်များကို လက်ရှိအချိန်မှစ၍ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီတွင်ပါဝင်သော တက္ကသိုလ်များနှင့် ပေါင်းစပ်၍ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှည်စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့် ထွက်ပေါ်လာသည့်မျိုးဆက်သစ်ပညာရှင်များ ဦးနှောက်ယိုစီးမှုမဖြစ်စေရန်နှင့် နိုင်ငံအတွက် လိုအပ်သည့် အခန်းကဏ္ဍအသီးသီးတွင် တန်ဖိုးရှိစွာ တာဝန်ပေးအပ်နိုင်ရေးအတွက်လည်း ရေရှည်စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

( ဇ ) AI နည်းပညာနှင့် Digital နည်းပညာဆိုင်ရာ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး AI နှင့် Digital နည်းပညာများကို အခြေခံပညာကျောင်းများမှစတင်၍ သင်ကြားပေးနိုင်ရန်နှင့် နည်းပညာတက္ကသိုလ်များတွင်လည်း AI ဘာသာရပ်များကို လက်လှမ်းမီသလောက် သင်ကြားပို့ချပေးနိုင်ရန် ဦးစီးကော်မတီမှတစ်ဆင့် အကောင်အထည်ဖော် တင်ပြဆောင်ရွက်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တရားရုံးများတွင် ကျန်ရှိနေသည့် စစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများကို မှန်ကန်၊ မြန်ဆန်ပြီး တရားမျှတစွာ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တရားစွဲဆို

ခံထားရသူများ၏ အခွင့်အရေးမဆုံးရှုံးစေရေးတို့အတွက် **တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒေါက်တာ သီတာဦး — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ဂ) ဒေါ်ကြူကြူဝင်း — အဖွဲ့ဝင်
အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဃ) ဒေါ်တင်နွယ်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(င) ဒေါက်တာ ဆွေဆွေအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(စ) ရဲဗိုလ်ချုပ် အောင်နိုင်သူ — အဖွဲ့ဝင်
ဒုတိယရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ရဲမှူးချုပ် ကျော်လင်း — အဖွဲ့ဝင်
ဌာနကြီးမှူး
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ရဲမှူးချုပ် ဇော်လင်းထွန်း — အဖွဲ့ဝင်
တပ်ဖွဲ့မှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဗိုလ်ချုပ် အောင်ကျော်ကျော် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

၂။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက အဖွဲ့ဝင်အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာ ပြီးပြတ်အောင်ဆောင်ရွက်ရန်ဖြစ်သည်။

၃။ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝရုံးထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊

(ခ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

(ဂ) တရားရုံးကဆင့်ဆိုသည့် သက်သေများရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျ အတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(င) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(စ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏ စစ်ဆေးစီရင်ခြင်းကိုမထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း။

၄။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်း တိုးတက်မှုအစီရင်ခံစာအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တစ်လ တစ်ကြိမ်တင်ပြရမည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပဏာမစိစစ် နိုင်ရေးအတွက် **စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေးပဏာမ စိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) အမြဲတမ်းအတွင်းဝန်
ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) အမြဲတမ်းအတွင်းဝန်
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးချယ်အဆိုပြုထားသော ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သောကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့်သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သောအထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို တောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

### မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား ဖမ်းဆီးရမိမှုအပေါ် ဥပဒေနှင့်အညီ စိစစ်နိုင်ရေး၊ အမြန်ဆုံးတရားစွဲဆိုနိုင်ရေး၊ အရေးယူဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်ကြီးကြပ်ဆောင်ရွက်နိုင်ရန် **မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | သက်ဆိုင်ရာဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ည) ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်　　အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဋ) ဒုတိယတိုင်းမှူး　　အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ဌ) ရဲချုပ်　　အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ်　　တွဲဖက်အတွင်းရေးမှူး (၁)
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ်　　တွဲဖက်အတွင်းရေးမှူး (၂)
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား တည်ဆဲဥပဒေအရ အရေးယူခြင်း၊ သက်ဆိုင်ရာနိုင်ငံခြားသံရုံးသို့ ဆက်သွယ်အကြောင်းကြားနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ကူညီစုံစမ်းကယ်တင်ပေးရန် အကူအညီတောင်းခံသည့် နိုင်ငံခြားသားများ ဆောလျင်စွာ စိစစ်ဖော်ထုတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့များ ပူးပေါင်းပါဝင်သည့် အထူးအဖွဲ့ဖြင့် တာဝန်ပေးဖော်ထုတ်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ အလိုရှိကြောင်းကြေညာထားသည့် နိုင်ငံခြားသား တရားခံပြေးများ မြန်မာနိုင်ငံအတွင်း ရောက်ရှိလာပါက အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) ဖော်ထုတ်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းမှုမပြုမီ မြန်မာနိုင်ငံအတွင်း အခြားပြစ်မှုများ ကျူးလွန်ထားမှု ရှိ မရှိ စိစစ်ခြင်း၊

(င) ဖမ်းဆီးရမိသော နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာ၌ မည်ကဲ့သို့ ဆက်သွယ်၊ ဝင်ရောက်၊ နေထိုင်၍ လုပ်ငန်းဆောင်ရွက်ခဲ့သည်များ အသေးစိတ်စိစစ်ခြင်း၊

(စ) မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များမှ အကြောင်းကြားထားသည့် အမည်စာရင်းတို့ဖြင့် တိုက်ဆိုင်စိစစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဆ) ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်၊ ပြည်နှင်ဒဏ်ချမှတ်ပေးပြီးဖြစ်သည့် နိုင်ငံခြားသားများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ဒဏ်ပေးရာတွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ ပြည်နှင်လွှဲပြောင်းပြီးပါက မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေနှင့်အညီ အမည်မည်းစာရင်း ရေးသွင်းဆောင်ရွက်ခြင်း၊

(ဈ) ကော်မတီအနေဖြင့် လိုအပ်ပါက လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး အခြားနိုင်ငံသားအဖြစ်ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ဆုံးရှုံးသွားသည့် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပါရန် လျှောက်ထားလာမှုများအား မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန် **ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ခြင်း၊

(ခ) ပြည်ပနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခံယူနေထိုင်သော မြန်မာနိုင်ငံသားဟောင်းများနှင့် အမည်မည်းစာရင်းဝင် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံတင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားမပြနိုင်သည့် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်အတည်ပြုချက်၊ ၎င်း၏ ပြည်ပတွင် နေထိုင်မှုအခြေအနေနှင့် ပြစ်မှုကင်းရှင်းသူ ဟုတ် မဟုတ် တို့ကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊

ကောင်စစ်ဝန်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံ တင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံသင့်သည်ဟု ဆုံးဖြတ်ခြင်းခံရသည့် မြန်မာနိုင်ငံသားဟောင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း၊

(င) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံတင်ပြထားသူများကို ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးက မြန်မာနိုင်ငံသားအဖြစ်သတ်မှတ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ညွှန်ကြားခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (စိုက်ပျိုးရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး (မွေးမြူရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (ဗ) | သစ်တောရေးရာဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (ဘ) | မြေယာဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |

( ဓ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရုပ်စဲခြင်းတို့ကို ဆောင်ရွက်နိုင်သည်–

(က) စိုက်ပျိုးရေးလုပ်ငန်း၊

( ခ ) မွေးမြူရေးလုပ်ငန်း၊

( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သို့ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျ တင်ပြလျှောက်ထားလာခြင်းများကိုစိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည်–

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

( ဂ ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

( င ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

( စ ) မြေယာမဲ့နိုင်ငံသားများအတွက်သော်လည်းကောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားထောက်ခံချက်ဖြင့်တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးသို့ (၆) လလျှင် တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက ယာယီသမ္မတ (တာဝန်) ထံ နည်းလမ်းတကျတင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များနှင့်စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေး၏ သဘောတူညီမှုအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်နိုင်ရေးအတွက် ဦးဆောင်မှုပေးရန်၊ လိုအပ်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးရန်၊ နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုသည့် နယ်ပယ်များအတွက် နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်နိုင်ရန်ရည်ရွယ်၍ **အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ယာယီသမ္မတ<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ<br>ဥက္ကဋ္ဌ<br>နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ချူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်အစိုးရအနေဖြင့် ချူကလီးယားစွမ်းအင်အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးခိုင်မာသည့် ကတိကဝတ်ပြုရန်နှင့် အဆိုပါအစီအစဉ် စတင်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ စုစည်းတင်ပြရန် ဦးစီးဆောင်ရွက်ခြင်း၊

(ခ) ချူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်နိုင်ရေး ဦးဆောင်မှုပေးခြင်းနှင့် လိုအပ်သည့်ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရက အတည်ပြုထားသည့် ချူကလီးယားစွမ်းအင်အစီအစဉ်နှင့် ချူကလီးယားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဃ) ချူကလီးယားစွမ်းအင်အစီအစဉ် ရေရှည်အကောင်အထည်ဖော်နိုင်ရေးကိုပံ့ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးသက်ဆိုင်သူများ ပါဝင်ပတ်သက်ရေး၊ စက်မှုလုပ်ငန်းများပါဝင်ရေး၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် သုံးစွဲပြီးလောင်စာများ စီမံခန့်ခွဲရေးစသည့်ကိစ္စရပ်များဆိုင်ရာ မဟာဗျူဟာများနှင့် အစီအမံများရေးဆွဲရေးအပေါ် ဦးဆောင်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) ချူကလီးယားအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေလိုအပ်ချက်သတ်မှတ်ရေးနှင့် ချူကလီးယားစီမံကိန်းအတွက် ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များ ရွေးချယ်သတ်မှတ်ရေးတို့ကို ဦးဆောင်ခြင်း၊

(စ) ချူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့် နယ်ပယ်များအတွက် နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ လူငယ်များကိုမှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် **မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံကင်းထောက်အမျိုးသားအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

